**Memorial Day Conference**
**May 22-25, 2020**

# KEY STATEMENTS
# အဓိကသော့ချက်များ

ကျွန်ုပ်တို့သည် ကမ္ဘာလောက၏အခြေအနေကို မြေကြီးပေါ် ဘုရားသခင့်လှုပ်ရှားမှု၏ ညွှန်တံအဖြစ် မြင်ရန်နှင့် ခရစ်တော်တက်ကြွခြင်းအချိန်မှစ၍ ဤခေတ်အဆုံးအထိ ကမ္ဘာလောက၏သမိုင်းကြောင်း ရုပါရုံကို မြင်ဖို့လိုအပ်သည်။ ကျွန်ုပ်တို့သည် ကိုယ်တော်ပြန်ကြွလာခြင်းအတွက် ပြင်ဆင်ခြင်းအဖြစ် သခင်ဘုရားပြန်လည်ရယူခြင်း၏ သမ္မာတရားများကို ပျံ့နှံ့စေရန် သခင်ဘုရားနှင့်အတူတကွ လုပ်ဆောင်ရန်လည်း လိုအပ်ပြီး၊ "ကာလအချိန်၏ အမှတ်လက္ခဏာများ"ကို ပိုင်းခြားသိမြင်ခြင်းဖြင့် ဆုတောင်းခြင်း၌ မဆုတ်မနစ်ဇွဲလုံ့လရှိရန် လိုအပ်သည်။

ကျွန်ုပ်တို့သည် စကြဝဠာတစ်ခုလုံးသို့ ဘုရားသခင်၏ စီမံခန့်ခွဲခြင်းအလယ်ဗဟိုဖြစ်သည့် ဘုရားသခင့်ပလ္လင်တော်၏ရူပါရုံကို မြင်ရန် လိုအပ်ပြီး၊ အုပ်စိုးဦးဆောင်နေသော ဘုရားသခင်သည် အယောက်စီတိုင်းနှင့် အရာခပ်သိမ်းအပေါ် အုပ်စိုးနေသောအရှင်အဖြစ် စိတ်နှလုံးတော်အလိုဆန္ဒအတိုင်း၊ ကိုယ်တော်၏ထာဝရစီမံကိန်းအတိုင်း ကိုယ်တော်အလိုရှိသောအရာကို သယ်ဆောင်ဖြစ်ပေါ်စေခြင်းငှာ စွမ်းဆောင်ရည် အပြည့်အဝရှိကြောင်း သိနားလည်ရန် လိုအပ်သည်။

ယနေ့ ရှင်သန်နိုးကြားခြင်းရှိရန် နည်းလမ်းမှာ ခေတ်ကိုပြောင်းလဲစေရန်အတွက် ကိုယ်တော်၏အောင်မြင်သောသူများ၊ ကိုယ်တော်၏ ခေတ်ကာလဆိုင်ရာ အသုံးခံတန်ဆာများဖြစ်ရန် ဘုရားသခင်၏ ခေါ်သံ အဖြေပေးခြင်းဖြစ်သည်။ အောင်မြင်သောသူသည် ရှင်သန်နိုးကြားသောပုဂ္ဂိုလ်ဖြစ်ပြီး၊ ရှင်သန်နိုးကြားသောသူ (ရှင်သန်ခြင်းရှိပြီး လှုပ်ရှားတက်ကြွနေသူ) သည် ဆုတောင်းသောပုဂ္ဂိုလ်ပင်ဖြစ်သည်။

သိုးသငယ်၏မင်္ဂလာဆောင်ပွဲသည် ဘုရားသခင့်ဓမ္မသစ်စီမံကိန်း၏ ပြီးမြောက်ပြည့်စုံခြင်း ရလဒ်ဖြစ်ကာ၊ ယင်းသည် ကိုယ်တော်၏တရားရေးဆိုင်ရာ ရွေးနုတ်ခြင်းနှင့် ကိုယ်တော်၏ဘုရားအသက်၌ အသက်ဆိုင်ရာကယ်တင်ခြင်းအားဖြင့် အသင်းတော်တည်းဟူသော သတို့သမီးကို ခရစ်တော်အဖို့ ရယူရန်ဖြစ်သည်။ သခင်ဘုရား၏ပြန်လည်ရယူခြင်းသည် ကိုယ်တော်၏အောင်မြင်သောသူအားလုံးနှင့်အတူ ပေါင်းဖွဲ့ထားသည့် သတို့သမီးကို ပြင်ဆင်ခြင်းအတွက် ဖြစ်သည်။

**Outlines of the Messages**
**for the Memorial Day Conference**
**May 22-25, 2020**

## GENERAL SUBJECT:
## ကမ္ဘာ့အခြေအနေနှင့် သခင်ဘုရားပြန်လည်ရယူခြင်းနှင့်စပ်လျဉ်း၍ အချိန်မီသောနှုတ်ကပတ်တော်

ဝေငှချက် တစ်

## မြေကြီးပေါ် ဘုရားသခင့်လှုပ်ရှားမှု ညွှန်တံအဖြစ် ကမ္ဘာ့အခြေအနေ၊ ခရစ်တော်တက်ကြွခြင်းအချိန်မှစ၍ ဤခေတ်အဆုံးအထိ ကမ္ဘာလောကသမိုင်းကြောင်း၏ ရုပ်ပုံ၊ ကိုယ်တော်ပြန်ကြွလာခြင်းအတွက် ပြင်ဆင်ခြင်းအဖြစ် သခင်ဘုရားပြန်လည်ရယူခြင်း၏ သမ္မာတရားများ ပျံ့နှံ့ခြင်းနှင့် "ကာလအချိန်၏အမှတ်လက္ခဏာများ"ကို ပိုင်းခြားသိမြင်ခြင်းဖြင့် ဆုတောင်းခြင်း၌ ဖွဲ့လုံ့လရှိခြင်း

ဖတ်ရန်ကျမ်း။ ။ တ၊၅း၃၁။ ၁၇း၂၆–၂၇။ ဒံ၊၂း၃၁–၄၅။ ဗျာ၊၆း၁–၈။ ၄း၁–၂။ ၁း၁၀–၁၁။ ကော၊၄း၂။
မ၊၂၄း၃–၁၄၊ ၃၂–၃၄

**I. ကျွန်ုပ်တို့သည် ဝိညာဉ်၌ ရှိရန်လိုအပ်သည်၊ သို့မှသာ ကျွန်ုပ်တို့သည် မြေကြီးပေါ်တွင် ဘုရားသခင်၏စိတ်နှလုံးနှင့်အတူ ရှိသည့်လူများ၊ ကမ္ဘာလောက၏ လမ်းဆုံးပန်းတိုင်နှင့် စပ်လျဉ်း၍ ဘုရားသခင်၏ရုပ်ပုံကို မြင်ရန် ကောင်းကင်ဖွင့်ထားခြင်း ခံရသည့် လူများဖြစ်နိုင်မည်ဖြစ်သည် – ဗျာ၊၁း၁၀။ ၄း၁–၂။ ညွှန်း၊ က၊၂၈း၁၂–၁၇။ ယေဇ၊၁း၁။ မ၊ ၃း၁၆။ တ၊၇း၅၆။**

**II. ကမ္ဘာလောက၏ အခြေအနေသည် မြေကြီးပေါ်ရှိ ဘုရားသခင့်လှုပ်ရှားမှု၏ ညွှန်တံဖြစ်သည် – ၅း၃၁။ ၁၇း၂၆–၂၇။ ဒံ၊၂း၃၁–၄၅။**

က။ လူသားသမိုင်းကြောင်း၏ အဓိကအဖြစ်အပျက်များအားလုံးသည် ဘုရားသခင်က မြေကြီးပေါ်တွင် ကိုယ်တော့်လှုပ်ရှားမှုအတွက် စီစဉ်ထားခြင်းနှင့် ထပ်တူဖြစ်စေခြင်းဖြစ်သည်။ ဘုရားသခင်သည် မြေကြီးပေါ်တွင် လူသားနှင့်အတူ ပြီးမြောက်ပြည့်စုံစေမည့် အကြံအစည်တော်ရှိသောကြောင့်၊ ကိုယ်တော်သည် လူသားသမိုင်းကြောင်းတွင် အခြေအနေကို စီမံညွှန်ကြားရန် အုပ်စိုးမှုအခွင့်အာဏာ အမှန်ပင်ရှိသောသူဖြစ်သည်။ ဥပမာအနေဖြင့်၊ ကိုယ်တော်၏ပြန်လည်ရယူခြင်းအတွက်လည်းကောင်း၊ ကိုယ်တော့်ပြန်လည်ရယူခြင်း၏ နောက်ဆုံးအဆင့် – သတို့သမီးကို ပြင်ဆင်ခြင်းအဖြစ် ကိုယ်ခန္ဓာတော် တည်ဆောက်ခြင်း – အတွက်လည်းကောင်း ဘုရားသခင်သည် အုပ်စိုးမှုရှိစွာဖြင့် အမေရိကန်ပြည်ထောင်စုကို ပြင်ဆင်ထားခဲ့သည်၊ စောင့်ထိန်းကွယ်ကာခဲ့သည်၊ ကောင်းချီးပေးခဲ့သည် – တ၊၁၇း၂၆။ ၅း၃၁။ ရော၊၁၂း၄–၅။ ဗျာ၊၁၉း၇။

ခ။ ကမ္ဘာလောကတစ်ခုလုံး၏ အခြေအနေနှင့် ၎င်း၏ "သားဖွားဝေဒနာ"သည် အစ္စရေး၏ ပြန်လည်တည်ထောင်ခြင်း ပြီးမြောက်ပြည့်စုံရန်အတွက်နှင့် စကြဝဠာဆိုင်ရာလူသစ်ကို အပြည့်အဝ ဖွားမြင်ခြင်း ပြီးမြောက်ပြည့်စုံရန်အတွက်ဖြစ်သည် – မ၊၂၄း၃၂–၃၄။ မာ၊၁၃း၈။ ဒံ၊၁၂း၁–၂။ ဗျာ၊၁၂း၁–၂၊ ၅။

ဂ။ ဒံယေလ၊၂ ရှိ ကြီးမားသောလူသားရုပ်တု၏ ရုပ်ပုံသည် "နောက်ဆုံးသောနေ့ရက်များ၌ ဖြစ်ပျက်လာမည့်အရာ"၏ ရုပ်ပုံဖြစ်သည် (အငယ်၊၂၈)။ ၎င်းသည် သခင်ဘုရားက ကိုယ်တော်၏စီမံကိန်းကို သယ်ဆောင်ခြင်းအတွက် အုပ်စိုးမှုရှိစွာ စီမံထားသည့် လူသားအစိုးရ၏သမိုင်းကြောင်းကို ပရောဖက်ပြုချက်ဆိုင်ရာ သရုပ်ဖော်ပြချက်ဖြစ်သည် (အငယ်၊၃၁–၃၅)။

၁။ ရွှေဦးခေါင်း (အငယ်၊၃၆–၃၈) သည် ၇း၃–၄ ရှိ ပထမသားရဲနှင့် ကိုက်ညီမှုရှိကာ၊ ယင်းသည် ဗာဗုလုန်ပြည်၏ တည်ထောင်သူနှင့် ရှင်ဘုရင်ဖြစ်သော နေဗုခဒ်နေဇာကို ရည်ညွှန်းသည်။

၂။ ငွေရင်ဘတ်နှင့် လက်မောင်းများသည် (၂း၃၉က) သည် ၇း၅ ရှိ ဒုတိယသားရဲနှင့် ကိုက်ညီမှုရှိကာ၊ မီဒို–ပါရှားပြည်ကို ရည်ညွှန်းသည်။

၃။ ကြေးညိုဝမ်းဗိုက်နှင့် ပေါင်နှစ်ဖက် (၂း၃၉ခ) သည် ၇း၆ ရှိ တတိယသားရဲနှင့် ကိုက်ညီမှုရှိကာ၊ မက်ဆီဒိုးနီးယားအပါအဝင် ဂရိပြည်ကို ရည်ညွှန်းသည်။

၄။ သံခြေထောက်နှင့် သံတစ်ပိုင်း သရွတ်တစ်ပိုင်း ခြေချောင်းများ (၂း၃၃) သည် ၇း၇–၈ ရှိ စတုတ္ထသားရဲနှင့် ကိုက်ညီမှုရှိကာ၊ ရောမအင်ပါယာနှင့်အတူ ၎င်း၏နောက်ဆုံး ရှင်ဘုရင်ဆယ်ပါးကို ရည်ညွှန်းသည် (၂း၄၀–၄၄က။ ၇း၇–၁၁၊

၁၉–၂၆။ ဗျာ၊၁၇း၇–၁၃)။

၅။ ရောမအင်ပါယာ၏ ပုံစံနှင့် သွင်ပြင်မှာ ကွယ်ပျောက်သွားခဲ့ပြီဖြစ်သော်လည်း၊ ရောမအင်ပါယာ၏ ယဉ်ကျေးမှု၊ ဝိညာဉ်၊ အနှစ်သာရတို့မှာ ယနေ့ထိတိုင် ဆက်လက်တည်ရှိနေဆဲဖြစ်သည်။ ဘေးဒဏ်ကြီးကာလ၏ အစပိုင်းတွင် (မ၊၂၄း၂၁) ရောမအင်ပါယာ၏ ပုံစံနှင့် သွင်ပြင်သည် အန္တိခရစ်လက်အောက်တွင် ပြန်လည်ဖြစ်ပေါ် လာမည်ဖြစ်သည် (ဒံ၊၇း၁၂)။

ဃ။ ဒံယေလ၊၂ တွင် ရုပ်တုကြီး၏ ခြေချောင်းဆယ်ချောင်းအားဖြင့် ပုံဆောင်ထားသည့် ရှင်ဘုရင်ဆယ်ပါးနှင့် သူတို့၏နိုင်ငံများသည် ပြန်လည်နိုးထလာသော ရောမအင်ပါယာ၏ နောက်ဆုံးသောဆီဇာဖြစ်လာမည့် အန္တိခရစ်လက်အောက်တွင် အတူတကွ ပူးပေါင်းကြမည်ဖြစ်သည်။ ဤအရာများအားလုံးသည် ဥရောပတွင် ဖြစ်ပေါ် လာမည်ဖြစ်သည် – ဗျာ၊၁၇း၁၀–၁၄။

၁။ တရားမဲ့ခြင်း၏ နက်နဲမှုသည် ယနေ့ တိုင်းနိုင်ငံများနှင့် လူသားအဖွဲ့အစည်းများအလယ်တွင် လုပ်ဆောင်လျက်ရှိနေသည်။ ဤတရားမဲ့ခြင်းသည် တရားမဲ့သောလူဖြစ်သည့် အန္တိခရစ်တွင် ပြီးပြည့်စုံလိမ့်မည်ဖြစ်သည် – ၂သက်၊၂း၃–၁၀။

၂။ အန္တိခရစ်သည် စာတန်၏တန်ခိုး၊ စာတန်၏ ကိုယ်ထင်ရှားခြင်းဖြစ်လိမ့်မည်။ သူသည် ဘုရားသခင်၏ လူများ – ဘုရားသခင်ကို ကြောက်ရွံ့သော ဂျူးများနှင့် ခရစ်တော်ကို ယုံကြည်သောခရစ်ယာန်များကို ညှဉ်းပန်းနှိပ်စက်ကာ ဖျက်ဆီးလိမ့်မည်ဖြစ်သည် – ဒံ၊၈း၂၄။ ဗျာ၊၁၂း၁၇။ ၁၃း၇။

၃။ အန္တိခရစ်သည် ဘုရားသခင်၏ဗိမာန်တော်နှင့် ဘုရားသခင်၏မြို့တော်ကို ဖြိုချဖျက်ဆီးပြီး၊ ပျက်စီးယိုယွင်းစေမည်ဖြစ်သည်။ သူသည် သမ္မာတရားကို မြေသို့တိုင် ချနင်းလိမ့်မည်ဖြစ်သည် – ဒံ၊၉း၂၇။ ၈း၁၂။

၄။ အန္တိခရစ်သည် အမှုအရာများကို ထိုးထွင်းသိမြင်နိုင်သည့် ထက်မြက်သော အမြင်ရှိလိမ့်မည်ဖြစ်ပြီး၊ အမြင့်ဆုံးသော အရှင်ကို ဆန့်ကျင်သောအရာများ ပြောဆိုလိမ့်မည်ဖြစ်သည် – ၇း၈၊ ၂၀၊ ၂၅။

၅။ အန္တိခရစ်သည် အမြင့်ဆုံးသောအရှင်၏ သန့်ရှင်းသူများကို သုတ်သင်ပယ်ရှင်းလိမ့်မည်ဖြစ်သည်။ ကျွန်ုပ်တို့သည် စာတန်၏ တဖြည်းဖြည်းဖြစ်သော၊ ထပ်ခါထပ်ခါဖြစ်သော၊ မကြာခဏဖြစ်သော၊ နေ့စဉ်ဖြစ်သော သုတ်သင်ခြင်းနည်းဗျူဟာများကို ခုခံတွန်းလှန်ရမည်၊ ဆန့်ကျင်ရမည်ဖြစ်သည် – အငယ်၊၂၅။ မ၊၂၄း၁၂။ သူကြီး၊၁၆း၁၆။ ဧ၊၆း၁၁–၁၃။

၆။ စာတန်နှင့် အန္တိခရစ်သည် နောက်ဆုံးသောခေတ်ကာလတွင် သူတို့၏လှုပ်ရှားပြုမူခြင်းများအတွက် အသုံးခံတန်ဆာများ အဖြစ် လူတို့၏စိတ်များကို အလိုရှိကြသည် – ဗျာ၊၁၈း၁၁–၁၃။ ၂တိ၊၃း၅။ ညွှန်း၊ ဇာ၊၁၂း၁။

င။ ဘုရားသခင်ထုလုပ်ထားသည့် ကျောက်အဖြစ် ပေါ် ထွန်းလာခြင်း၌ ခရစ်တော်နှင့်အတူ အောင်မြင်သူများ – စုပေါင်းထားသောခရစ်တော်– သည် ရှင်ဘုရင်ဆယ်ပါးနှင့် အန္တိခရစ်ကို ရိုက်ချိုးကာ (ဗျာ၊၁၉း၁၁–၂၁)၊ ရုပ်တုကြီးကို ခြေဖျားမှ ဦးခေါင်းသို့တိုင် ချေဖျက်လိမ့်မည်ဖြစ်သည် (ဒံ၊ ၂း၃၅)။

စ။ အန္တိခရစ်နှင့် လူသားအစိုးရ စုစုပေါင်းအားလုံးကို နင်းချေဖျက်ဆီးခြင်း မဖြစ်ပေါ်မီ၊ သခင်ဘုရား၏ ပြန်လည်ရယူခြင်းသည် ဥရောပသို့ ပျံ့နှံ့သွားကာ၊ ထိုနေရာတွင် အမြစ်စွဲခြင်းရှိရမည်ဖြစ်သည်။ ဒံယေလ၊၂ ရှိ လူသားရုပ်တုကြီးနှင့်စပ်လျဉ်းသည့် ရူပါရုံပြည့်စုံခြင်း အဆုံးစွန်သွားသည့်အခါ ဥရောပသည် အခြားမည်သည့် နိုင်ငံ သို့မဟုတ် လူမျိုးနွယ်တို့ထက် ပို၍ အရေးပါသည့်နေရာဖြစ်လာမည် – လူသားရုပ်တုကြီး၏ ခြေချောင်းနှစ်ချောင်းကို နင်းချေဖျက်ဆီးခြင်းသည် လူသားအစိုးရတစ်ခုလုံးကို နင်းချေဖျက်ဆီးခြင်းဖြစ်လာလိမ့်မည် – အငယ်၊၃၄–၃၅။

ဆ။ အန္တိခရစ်ကို နှိမ်နင်းရန်နှင့် လူသားအစိုးရစုစုပေါင်းကို နင်းချေဖျက်ဆီးရန် ကြွလာပြီးနောက် စုပေါင်းထားသော ခရစ်တော် – ခရစ်တော်နှင့် ကိုယ်တော်၏ အောင်မြင်သော သတို့သမီး – သည် မြေကြီးတစ်ပြင်လုံးကို ဖုံးလွှမ်းမည့် ကြီးစွာတောင်ဖြစ်လာကာ၊ မြေကြီးတစ်ပြင်လုံးကို ဘုရားသခင်၏ နိုင်ငံတော်ဖြစ်စေမည်ဖြစ်သည်။ ဤနိုင်ငံတော်သည် ယေရုရှလင်မြို့သစ်တည်းဟူသော ဘုရားဆိုင်ရာသမိုင်း၏ အဆုံးစွန်နှင့် ပြီးမြောက်သည့်အဆင့်၌ ပြီးမြောက်ပြည့်စုံလိမ့်မည်ဖြစ်သည် – ဗျာ၊ ၂၀း၄၊ ၆။ ၂၂း၁၀။

## III. သိုးသငယ်–ဘုရားသခင်က ဖွင့်ခဲ့သော ပထမတံဆိပ်လေးခုမှာ ခရစ်တော်တက်ကြွသည့်အချိန်မှစ၍ ဤခေတ်အဆုံးအထိ ကမ္ဘာ့သမိုင်းကြောင်း၏ ရူပါရုံကို ပြသနေသည် (ညွှန်း၊ ၄း၁–၂။ ၅း၁–၁၄)။ ၎င်းတို့က ကိုယ်တော်တက်ကြွပြီးနောက် ချက်ချင်း (မာ၊၁၆း၁၉–၂၀) မြင်းလေးကောင်သည် ခရစ်တော်ပြန်ကြွလာသည့်အချိန်တိုင်အောင် အသင်းတော်ခေတ်တစ်လျှောက်လုံး ပြေးလျက်ရှိကြောင်း ပြသနေသည်။

က။ ပထမတံဆိပ်တွင် မြင်းဖြူနှင့် မြင်းစီးသောသူ ရှိပြီး၊ ယင်းမှာ ဧဝံဂေလိတရား ပျံ့နှံ့သွားခြင်းကို ရည်ညွှန်းသည် – ဗျာ၊၆း၁–၂။

၁။ မြားမပါသည့် လေးမှာ ငြိမ်သက်ခြင်း၏ ဧဝံဂေလိတရား စေ့စပ်ထုံးဖွဲ့ခြင်းအတွက် ခရစ်တော်၏ တိုက်ခိုက်ခြင်းသည် ပြီးစီးခဲ့ပြီဖြစ်ကြောင်း၊ စစ်ပွဲအောင်နိုင်ပြီးသားဖြစ်ကြောင်း ရည်ညွှန်းသည်။ သရဖူမှာ ဧဝံဂေလိတရားသည် ခရစ်တော်၏ ဘုန်းအသရေဖြင့် သရဖူဆောင်းခဲ့ပြီဖြစ်ကြောင်း ရည်ညွှန်းသည် – ၂ကော၊၄း၄။

၂။ *အောင်မြင်လျက် သွားခြင်း* မှာ ဧဝံဂေလိတရားသည် ဆန့်ကျင်မှုနှင့် တိုက်ခိုက်မှု အမျိုးအစားအားလုံးကို အောင်နိုင်ရန် ခရစ်တော်နှင့်အတူ ရှေ့ဆက်သွားခဲ့ပြီဖြစ်ကြောင်း ရည်ညွှန်းသည် – ဗျာ၊၆း၂။

၃။ ခရစ်တော်၏ ဘုန်းတော် ဧဝံဂေလိတရားကို ဟောပြောသည့် အောင်မြင်သောသူများသည် မြင်းဖြူကို စီးသောသူများ ဖြစ်လာကြသည် – ဧ၊၃း၈–၁၁။ ရော၊၁း၁။ ဗျာ၊၁၉း၁၁၊ ၁၃–၁၄။

ခ။ ဒုတိယတံဆိပ်တွင် မြင်းနီနှင့် မြင်းစီးသောသူရှိပြီး၊ စစ်ပွဲဖြစ်ပွားခြင်းကို ရည်ညွှန်းသည် – ၆း၃–၄။

၁။ အနီရောင်သည် အသွေးသွန်းခြင်းကို ရည်ညွှန်းပြီး၊ *ဓားကြီး* မှာ တိုက်ခိုက်ရန်အတွက် လက်နက်ကို ရည်ညွှန်းသည်။

၂။ *ငြိမ်ဝပ်ခြင်းကို မြေကြီးက ရုပ်သိမ်းရန်* ဟူသည်မှာ စစ်ပွဲသည် မြေကြီးပေါ် တွင် ဆက်လက်ဖြစ်ပွားနေကြောင်း ရည်ညွှန်းသည်။ *လူတို့ကို အချင်းချင်း အသေသတ်စေခြင်းငှာ* ဟူသည်မှာ လူတို့သည် အချင်းချင်း ပြန်တိုက်ခိုက်နေကြကြောင်း ရည်ညွှန်းသည် – အငယ်၊၄။ မ၊၂၄း၇။

ဂ။ တတိယတံဆိပ်တွင် မြင်းနက်နှင့် မြင်းစီးသောသူ ရှိပြီး၊ ယင်းမှာ အစာခေါင်းပါးခြင်း ဖြစ်ပွားခြင်းကို ရည်ညွှန်းသည် – ဗျာ၊၆း၅–၆။

၁။ အဖိုးတန်သောအရာများကို ခြင်တွယ်ရာတွင် အသုံးပြုသည့် ချိန်ခွင်သည် ဤနေရာတွင် အစာကို ခြင်တွယ်ရန် အသုံးပြုခြင်းမှာ အစားအစာ၏ ရှားပါးမှုကို ရည်ညွှန်းသည်။ ဂျုံဆန်တစ်ကွာတသည် တစ်နေ့စာလုပ်အားခနှင့် ဝယ်ရသည်၊ မုယောဆန်သုံးကွာတသည်လည်း တစ်နေ့စာလုပ်အားခနှင့် ဝယ်ရသည် (မ၊၂၀း၂)၊ ယင်းမှာ အစားအစာသည် ရှားပါးပြတ်လပ်မှုတွင် ဈေးနှုန်းမြင့်မားခြင်းကို ရည်ညွှန်းသည်။

၂။ *ဆီနှင့် စပျစ်ရည်ကို မပျက်စေနှင့်* ဟူသည်မှာ (ဆီနှင့် စပျစ်ရည်သည် လူ၏စိတ်ရွှင်လန်းခြင်းအတွက်ဖြစ်သည် – ဆာ၊ ၁၀၄း၁၅၊ ယင်းမှာ ကာလတို မစမှုဖြစ်ပြီး၊ အစာခေါင်းပါးချိန်၌ အဖိုးထိုက်တန်လာခြင်း) အစာခေါင်းပါးမှု ဖြစ်ပွားခြင်းကို ရည်ညွှန်းသည်။

ဃ။ စတုတ္ထတံဆိပ်တွင် မြင်းမွဲနှင့် မြင်းစီးသောသူရှိပြီး၊ ယင်းမှာ သေခြင်း၏ပျံ့နှံ့နေမှုကို ရည်ညွှန်းသည် – ဗျာ၊၆း၇–၈။

၁။ *ဖြူဖတ်ဖြူရော်ဖြစ်ခြင်း (မွဲ)* သည် ကပ်ရောဂါ ခံစားရသူများ၏ သွင်ပြင်အရောင်ကို ရည်ညွှန်းသည်။ မရဏာနိုင်ငံသည် သေခြင်းနောက်တွင် လိုက်လာခြင်းမှာ မရဏာနိုင်ငံသည် သေခြင်းက သေစေခဲ့ပြီးသောသူများကို လက်ခံရန်နှင့် ထိန်းသိမ်းရန်ဖြစ်ကြောင်း ရည်ညွှန်းသည်။

၂။ အခသေခြင်းနှင့် မရဏာနိုင်ငံသည် မြေကြီး လေးစိတ်တစ်စိတ်ကို အစိုးရ၍၊ ဓား၊ အစာခေါင်းပါးခြင်း၊ သေခြင်းနှင့် မြေသားရဲတို့ဖြင့် သတ်ရသောအခွင့်အာဏာကို ပေးအပ်ခံရသည် – ညွှန်း၊ အငယ်၊၈–၁၁။ လု၊၁၈း၁–၂၊ ၇–၈။

## IV. သခင်ဘုရားပြန်လည်ရယူခြင်း၏ သမ္မာတရားများ ပျံ့နှံ့ခြင်းမှာ သခင်ဘုရားပြန်ကြွလာခြင်းအတွက် ပြင်ဆင်ခြင်းဖြစ်ကာ၊ ၎င်းမှာ အစ္စရေးလူမျိုးကိုသာမက ဖန်ဆင်းခြင်းတစ်ခုလုံးကို ပြန်လည်ရယူရန်၊ ပြန်လည်ပြုပြင်ရန် ဖြစ်လိမ့်မည်ဖြစ်သည် – မ၊၂၄း၁၄။ ၂၈း၁၉။ ၁၉း၂၈။ ဟေရှာ၊၁၁း၉။ ညွှန်း၊ ဗျာ၊၅း၆–၈။

က။ ခရစ်တော်တက်ကြွပြီးနောက် ချက်ချင်းပင် ဤအရာလေးခု – ဧဝံဂေလိတရား၊ စစ်ပွဲ၊ အစာခေါင်းပါးခြင်းနှင့် သေခြင်း – တို့သည် မြင်းလေးစီးပေါ် ရှိ မြင်းစီးသူများကဲ့သို့ စတင်ပြေးလျက်ရှိပြီး၊ ခရစ်တော်ပြန်ကြွလာသည့်အချိန်တိုင်အောင် ဆက်လက်ပြေးနေဦးမည်ဖြစ်သည် – ၆း၁–၈။

၁။ နေထိုင်ရာမြေကြီးတစ်ပြင်လုံးသို့ နိုင်ငံတော် ဧဝံဂေလိတရား၏ ပျံ့နှံ့ခြင်း၊ ပြေးသွားခြင်းနှင့် ပြေးပွဲဝင်ခြင်းမှာ လူသားသမိုင်းအတွင်း ဘုရားဆိုင်ရာသမိုင်း၏ ဗဟိုအချက်အချာဖြစ်သည် – မ၊၂၄း၁၄။

၂။ ဗျာဒိတ်၊၆း၁–၂ ရှိ ပထမတံဆိပ်၏ မြင်းဖြူအားဖြင့် ပုံဆောင်ထားသည့် နိုင်ငံတော်ဧဝံဂေလိတရားသည် ဤခေတ်၏ အဆုံး ဘေးဒဏ်ကြီးကာလမတိုင်မီ လူမျိုးအပေါင်းတို့ထံသို့ သက်သေခံချက်အဖြစ် မြေကြီးတစ်ပြင်လုံး၌ ဟောပြောခြင်း ရှိလိမ့်မည်ဖြစ်သည်။

ခ။ ကျွန်ုပ်တို့သည် တစ်ပိုင်းတစ်စဖြစ်သော ဧဝံဂေလိတရားကို ဟောပြောနေခြင်းမဟုတ်ဘဲ၊ မဿဲစာစောင်မှ ဗျာဒိတ်ကျမ်းအထိ အရာအားလုံးကို ခြုံငုံပါဝင်သော ပြည့်စုံသည့် ဧဝံဂေလိတရားဖြစ်သည်၊ ယင်းမှာ ခရစ်တော်၌ မိမိကိုယ်တော်တိုင်ကို ဝိညာဉ်တော်အဖြစ် သူ၏ရွေးချယ်ခံလူများအထဲသို့ ကိုယ်တော်၏ တရားရေးဆိုင်ရာ ရွေးနုတ်ခြင်းနှင့် ကိုယ်တော်၏ အသက်ဆိုင်ရာ ကယ်တင်ခြင်းအားဖြင့် ဝေငှဖြန့်ဖြူးပေးမည့် ဘုရားသခင်၏ ထာဝရစီမံကိန်း ဧဝံဂေလိတရားဖြစ်ကာ၊ ယင်းသည် ကိုယ်တော်၏ သတို့သမီး၊ ကိုယ်တော်၏ ဇနီးအဖြစ် ကိုယ်တော်၏ ထာဝရထင်ရှားခြင်းအတွက် ယေရုရှလင်မြို့သစ်ကို ပြီးမြောက်ပြည့်စုံစေခြင်းငှာ ဒေသန္တရအသင်းတော်များ၌ ကိုယ်တော်၏ ကိုယ်ခန္ဓာတော်ကို တည်ဆောက်ခြင်းအတွက်ဖြစ်သည် – ၁တိ၊ ၁း၃–၄။ ရော၊၁း၁။ ၅း၁၀။ ဗျာ၊၁း၁၀–၁၁။ ၂၁း၂–၃၊ ၈–၁၁။ ၂၂း၁–၂။

ဂ။ အမှန်စင်စစ်၊ ဧဝံဂေလိတရားတွင် ဘုရားဆိုင်ရာ သမ္မာတရားအားလုံး ပါဝင်သည်။ ဓမ္မသစ်ကျမ်းတစ်ခုလုံးသည် ဧဝံဂေလိတရားပင်ဖြစ်ကာ၊ ဧဝံဂေလိတရားဖြစ်သည့် ဓမ္မသစ်ကျမ်းသည် ဓမ္မဟောင်းကျမ်းအားဖြင့် ပုံဆောင်ဖော်ပြထားသည်။ ထို့ကြောင့် ဧဝံဂေလိတရားသည် သမ္မာကျမ်းစာတစ်အုပ်လုံး ပါဝင်သည်ဟု ကျွန်ုပ်တို့ပြောနိုင်ပေသည်။

ဃ။ ဤခေတ်၌ ဘုရားသခင်၏ တုန့်ပြန်ရာမဲ့ အကြံအစည်တော်မှာ ဧဝံဂေလိတရား ဟောကြားခြင်းရှိရန်ဖြစ်သည်၊ သို့မှသာ ခရစ်

တော်၏ ကိုယ်ခန္ဓာတော်ဖြစ်သော အသင်းတော်သည် ယေရုရှလင်မြို့သစ် ပြီးမြောက်ပြည့်စုံခြင်းရှိရန် တည်ဆောက်ခြင်း ရှိနိုင်မည်ဖြစ်သည် – ဧ၊၃း၈–၁၁။

င။ သခင်ဘုရားသည် ကျွန်ုပ်တို့အား ဧဝံဂေလိတရား၏ ဘုရားဆိုင်ရာ သမ္မာတရားများကို သင်ယူခြင်းနှင့် ကိုယ်တော်၏ပြန်လည်ရယူခြင်းအတွက် ၎င်းတို့ကို နေရာတိုင်း၌ ပျံ့နှံ့စေခြင်းငှာ ဝန်တာပေးအပ်ပါစေသော – ဟေရှာ၊၁၁း၉။ ဒံ၊၁၁း၃၂ခ–၃၃။ ၂တိ၊၂း၂၁။

**V. ကမ္ဘာလောက၏ လက်ရှိ ပတ်ဝန်းကျင်အခြေအနေ၌ ကျွန်ုပ်တို့သည် ဆုတောင်းခြင်း၌ မိမိတို့ကိုယ်ကို ဆက်ကပ်ရန်နှင့် ဇွဲလုံ့လရှိရန် လိုအပ်ပြီး၊ "ကာလအချိန်၏ အမှတ်လက္ခဏာများ"ကို ပိုင်းခြားသိမြင်ရန် လိုအပ်သည် – တ၊၆း၄။ ကော၊၄း၂။ မ၊၁၆း၃။ လု၊၂၁း၂၄–၃၆။ မ၊၂၄း၃–၁၄၊ ၃၂–၃၄။ ရော၊၁၃း၁၁–၁၄။**

က။ ကျွန်ုပ်တို့သည် "သားဖွားခြင်းဝေဒနာ"၏ အလယ်၌ ရှိနေကြောင်း (မ၊၂၄း၈၊ ၃၂–၃၄)၊ "ဘုရားသခင်၏နိုင်ငံတော်သည် တည်လုနီးပြီ"ဖြစ်ကြောင်း (လု၊၂၁း၃၁) သိနားလည်ရန် လိုအပ်သည်၊ ထို့ကြောင့် သမ္မာကျမ်းစာတစ်အုပ်လုံး၏ အဆုံးသတ်ဆုတောင်းချက် "သခင်ယေရှု၊ ကြွလာပါ"ဟူ၍ ဆုတောင်းရန် လိုအပ်သည် (ဗျာ၊၂၂း၂၀)။ သမ္မာကျမ်းစာတစ်အုပ်လုံးသည် ဆုတောင်းချက်အဖြစ် ဖော်ပြထားသည့် သခင်ဘုရားကြွလာတော်မူခြင်းအတွက် အလိုဆန္ဒရှိခြင်းဖြင့် အဆုံးသတ်ထားသည် (ညွှန်း၊ သီ၊၈း၁၃–၁၄။ ၂တိ၊၄း၈။ တ၊၂၆း၁၆)။ ခရစ်တော်၏ ကြွလာတော်မူခြင်းသည် ကိုယ်တော်၏လူများနှင့်အတူ ကိုယ်တော်၏မျက်မှောက်တော် (ဂရိ – ပါရိုးစီးယား) ရှိခြင်းပင်ဖြစ်သည် (မ၊၂၄း၃။ တ၊၂၆း၁၅–၁၆။ မာ၊၁၃း၈။ ယော၊၁၄း၂၁၊ ၂၃)။

ခ။ ကျွန်ုပ်တို့သည် လူသားသမိုင်းကို ဘုရားသခင်၏ အမြင်ဖြင့် အပြည့်အဝ သိမြင်နားလည်ခြင်းနှင့်အတူ ဆုတောင်းရန် လိုအပ်သည်၊ ယင်းမှာ ဧဝံဂေလိတရားသည် စစ်ပွဲ၊ အစာခေါင်းပါးခြင်းနှင့် သေခြင်းတို့အားဖြင့် အရှိန်မြှင့်တင်ပေးခြင်းသာမက၊ ကောင်းစွာ အသုံးချခြင်းလည်း ရှိပြီဖြစ်ကြောင်း၊ ကျွန်ုပ်တို့သည် ဘုရားဆိုင်ရာစီမံကိန်း ပန်းတိုင် ပြီးမြောက်ပြည့်စုံသည့်အထိ အပြည့်ဝဆုံး အတိုင်းအတာသို့ ဘုရားသခင်ကို ရယူရန် လိုအပ်ကြောင်း မြင်ခြင်းအားဖြင့် ဆုတောင်းရန်ဖြစ်သည် – ဖိ၊၃း၈၊ ၁၂–၁၄။

၁။ စာတန်သည် ဘုရားသခင်ကို ဆန့်ကျင်ပုန်ကန်ခဲ့ပြီးနောက် သူသည် စီရင်ခံရကာ၊ ဘုရားသခင်အားဖြင့် သေပြစ်ပေးခြင်းခံရပြီဖြစ်သည်၊ သို့သော် ကိုယ်တော်၏ ပညာတော်နှင့် အုပ်စိုးမှုအရ ဘုရားသခင်သည် စာတန်အပေါ် ကိုယ်တော်၏တရားစီရင်ခြင်းကို အပြည့်အဝ ဖော်ဆောင်ခြင်းမရှိသေးပေ။ ကိုယ်တော်သည် စာတန်အား ကိုယ်တော်၏စီမံကိန်း ပြီးမြောက်ပြည့်စုံခြင်း၌ လိုအပ်သည့် အနုတ်လက္ခဏာအရာအချို့ကို ဖြည့်ဆည်းလုပ်ဆောင်စေရန် အချိန်အကန့်အသတ်တစ်ခုကို ပေးထားဆဲဖြစ်သည် – ယောဘ၊၁း၆–၈။ ၂း၁–၆။ ညွှန်း၊ ယော၊၁၂း၃၁။

၂။ ယောဘစာစောင်က "အကျည်းတန်သည့် တန်ဆာပလာ"အဖြစ် စာတန်မှတစ်ဆင့် ဘုရားသခင်သည် ယောဘကို နည်းလမ်းနှစ်မျိုး– ချွတ်ခွာခြင်းနှင့် ကုန်ဆုံးစေခြင်း အားဖြင့် ချွတ်ခွာခဲ့ကြောင်း ပြသထားသည်။ ဘုရားသခင်၏ ချွတ်ခွာခြင်းနှင့် ကုန်ဆုံးစေခြင်းကို ယောဘကို ချွတ်ခွာပစ်ရန် ယောဘအပေါ် တွင် လုပ်ဆောင်ခဲ့ပြီး၊ ယင်းမှာ ဘုရားသခင်သည် ယောဘကို ရယူနိုင်ရန်အတွက်ဖြစ်သည်၊ သို့မှသာ သူသည် ဘုရားသခင်ကို ပို၍ ရယူနိုင်မည်ဖြစ်သည်။ ကျွန်ုပ်တို့၏ အပြင်လူသည် ကုန်ဆုံးလျက်ရှိသည်၊ သို့မှသာ ကျွန်ုပ်တို့၏ အတွင်းလူသည် တစ်နေ့ပြီးတစ်နေ့ အသစ်ပြုပြင်ခံရနိုင်မည်ဖြစ်သည် – ဖိ၊၃း၈–၁၀။ ၂ကော၊၄း၁၆–၁၈။

၃။ ယောဘ၏ဒုက္ခဆင်းရဲခံစားမှုများသည် ဘုရားသခင်၏ တရားစီရင်ခြင်းမဟုတ်ဘဲ၊ ဘုရားသခင်၏ ချွတ်ခွာပေးခြင်း၊ ကုန်ဆုံးစေခြင်း၊ ဖြိုချပေးခြင်းဖြစ်ပြီး၊ ထိုသို့ဖြင့် ကိုယ်တော်သည် ယောဘကို ကိုယ်တော်ကိုယ်တိုင်ဖြင့် ပြန်လည်တည်ဆောက်ရန်၊ ယောဘကို ဘုရား–လူဖြစ်စေရန်၊ ဘုရားသခင်၏ဖန်ဆင်းခြင်းအသစ်ရှိ လူသစ်ဖြစ်စေရန် အခြေနှင့် နည်းလမ်း ရရှိနိုင်မည်ဖြစ်သည် – ၅း၁၇။ ဂလ၊၆း၁၅။

၄။ ကိုယ်တော်၏ချွတ်ခွာခြင်း၊ ကုန်ဆုံးစေခြင်းနှင့် ဖြိုချခြင်းတို့မှတစ်ဆင့် ဘုရားသခင်သည် မိမိကိုယ်တော်တိုင်ကို ကိုယ်တော့်အား ချစ်သောသူများနှင့် ကိုယ်တော့်ကို ရှာဖွေသောသူများထံ ဝေငှဖြန့်ဖြူးပေးခြင်း ရှိနိုင်ပေသည် – ယောဘ၊၁၀း၁၃။ ဧ၊၃း၉။ ညွှန်း၊ ယော၊၃း၆။ ဖိ၊၃း၃။

၅။ ဘုရားသခင်သည် ကိုယ်တော်၏ သန့်ရှင်းသောလူများကို ဆက်ဆံဖြေရှင်းရာ၌ ရည်ရွယ်ချက်မှာ သူတို့သည် အရာခပ်သိမ်းမှ ဗလာဖြစ်ကာ၊ ဘုရားသခင်တစ်ပါးတည်းကိုသာ သူတို့၏ အကျိုးအမြတ်အဖြစ် လက်ခံရယူစေရန်ဖြစ်သည်။ ဘုရားသခင့်စိတ်နှလုံးတော်၏ အလိုတော်မှာ ကျွန်ုပ်တို့သည် ကိုယ်တော်ကို အသက်အဖြစ်၊ အသက်မစရာအဖြစ်၊ ယေရုရှလင်မြို့သစ်၌ ပြီးမြောက်ပြည့်စုံမည့် ကျွန်ုပ်တို့ဖြစ်ခြင်းအဖို့ အရာခပ်သိမ်းအဖြစ် အပြည့်အဝအမြတ်ရယူစေရန်ဖြစ်သည် – ရော၊၈း၂၈–၂၉။

၆။ ယောဘစာစောင်၏ အဆုံး၌ ယောဘသည် နောက်ဆုံးတွင် ဘုရားသခင်ကို မြင်တွေ့ခဲ့ကြောင်း ဖော်ပြထားသည်။ ဓမ္မသစ်ကျမ်းသဘောအရ ဘုရားသခင်ကို မြင်ခြင်းမှာ ဘုရားသခင်ကို ရယူခြင်းနှင့် ညီမျှသည်။ ဘုရားသခင်ကို မြင်ခြင်းမှာ ဘုရား–လူဖြစ်သည့် ခရစ်တော်၏ ဘုန်းထင်ရှားသည့် ပုံသဏ္ဍာန်တော်သို့ ပုံသဏ္ဍာန်ပြောင်းလဲခြင်းဖြစ်ကာ၊ ကျွန်ုပ်တို့သည် ကိုယ်တော်၏ အသက်၌ ဘုရားသခင်ကို ထင်ရှား၍၊ ကိုယ်တော်၏ အခွင့်အာဏာ၌ ကိုယ်တော်ကို ကိုယ်စားပြုနိုင်ရန်ဖြစ်သည် – ၄၂း၅–၆။ ၂ကော၊၃း၁၈။

၇။ ကျွန်ုပ်တို့သည် ဘုရားသခင်ကို မြင်ခြင်း၊ ဘုရားသခင်ကို သိကျွမ်းခြင်း၊ ဘုရားသခင်ကို ချစ်ခြင်း ရှိလေလေ၊ ကျွန်ုပ်တို့ မိမိကိုယ်ကို ရွံရှာလေလေဖြစ်ကာ၊ ကျွန်ုပ်တို့ကိုယ်ကို ငြင်းပယ်လေလေဖြစ်လာသည် – မ၊၁၆း၂၄။ လု၊၉း၂၃။ ၁၄း၂၆။

၈။ ၁ဘုရင်၊၈း၂၈ ရှိ ရှောလမုန်၏ ဆုတောင်းချက်အရ ကျွန်ုပ်တို့သည် သန့်ရှင်းသောမြေဆီသို့ –ယုံကြည်သူများထံသို့ ဘုရားသခင်ခွဲဝေပေးထားသည့် အမွေဝေစုဖြစ်သည့် ခရစ်တော်ကို ပုံဆောင်ချက် (တရား၊၈း၇။ ကော၊၁း၁၂)၊ သန့်ရှင်းသောမြို့တော်ဆီသို့ – ခရစ်တော်၌ရှိသည့် ဘုရားသခင်၏ နိုင်ငံတော် (ဆာ၊၄၈း၁–၂)၊ သန့်ရှင်းသော ဗိမာန်တော်ဆီသို့ – မြေကြီးပေါ်ရှိ ဘုရားသခင်၏ အိမ်တော်ဖြစ်သည့် အသင်းတော် (ဧ၊၂း၂၁။ ၁တိ၊၃း၁၅) ဆီသို့ အမြဲဆုတောင်းရန် လိုအပ်သည်။

၁။ ဒံယေလသည် သူ၏ပြတင်းတံခါးကို ယေရုရှလင်မြို့ဆီသို့ ဖွင့်ကာ တစ်နေ့သုံးကြိမ် ဆုတောင်းခဲ့သည်။ ကိုယ်တော်၏ သစ္စာရှိသော ဆုတောင်းခြင်းလမ်းကြောင်းများမှတစ်ဆင့် ဘုရားသခင်သည် ခရစ်တော်ကြွလာခြင်းအတွက် ကိုယ်တော်၏ ရွေးချယ်များနှင့်အတူ ကိုယ်တော်၏ စီမံကိန်းကို သယ်ဆောင်ဖြစ်ပေါ်စေခဲ့သည် – ဒံ၊၆း၁၀။ တ၊၂း၄၂။ ၆း၄။

၂။ ဘုရားသခင်ထံသို့ ကျွန်ုပ်တို့၏ ဆုတောင်းချက်သည် ဘုရားသခင်၏ ထာဝရစီမံကိန်းပန်းတိုင်ဖြစ်သည့် ခရစ်တော်၊ ဘုရားသခင်၏ နိုင်ငံတော်နှင့် ဘုရားသခင်၏ အိမ်တော်ဆီသို့ ဖြစ်သောအခါ ကျွန်ုပ်တို့၏ ဆုတောင်းချက်ကို ဘုရားသခင် နားညောင်းမည်ဖြစ်သည်။ ဤသည်မှာ ကျွန်ုပ်တို့၏ ဆုတောင်းချက်သည် ဘုရားသခင်၏ အကျိုးအမြတ်အတွက် အမြဲရည်ရွယ်ထားရမည်၊ ယင်းမှာ ဘုရားသခင်၏ စီမံကိန်း ပြီးမြောက်ပြည့်စုံခြင်းအတွက် မြေကြီးပေါ် ဘုရားသခင်၏ အကျိုးအမြတ်တည်းဟူသော ခရစ်တော်နှင့်အသင်းတော်အတွက် ဖြစ်ရမည်ကို ဆိုလိုခြင်းဖြစ်သည်။

*© 2020 Living Stream Ministry*